# ကျောင်းချိန်ပြီးဆုံးသွားပါက Summer EBT က ကူညီရန်အသင့်ရှိနေပါသည်။

**(When School's Out, Summer EBT is Here to Help!)**

Summer EBT (Electronic Benefit Transfer (အီလက်ထရောနစ် အကျိုးခံစားခွင့် လွှဲပြောင်းမှု)) သည် ကျောင်းချိန်ပြင်ပတွင် မိသားစုများအား ၎င်းတို့၏ကလေးများအတွက် အစားအစာဝယ်နိုင်စေရန် ကူညီပေးမည့် ဝင်ငွေအခြေပြုအစီအစဉ်တစ်ခုဖြစ်သည်။ Wisconsin သည် သတ်မှတ်ချက်ပြည့်မီသည့် ကလေးတိုင်းအတွက် $120 ပေးပို့ပါမည်။ ကုန်စုံဆိုင်အများစု၊ စတိုးဆိုင်များစွာနှင့် အချို့သော လယ်သမားဈေးများကဲ့သို့ FoodShare အကျိုးခံစားခွင့်ကို လက်ခံသည့် နေရာတိုင်းတွင် ဤအကျိုးခံစားခွင့်များကိုအသုံးပြုနိုင်ပါသည်။

## သင့်ကလေးသည် အောက်ပါအခြေအနေများတွင် အကျိုးခံစားခွင့်များကို အလိုအလျောက် ရရှိပါမည်-

- သင့်ကလေးအား ၎င်း၏ National School Lunch Program (နိုင်ငံတော် ကျောင်းနေ့လည်စာ အစီအစဉ်) ကျောင်းတွင် အခမဲ့ သို့မဟုတ် လျှော့ဈေး နေ့လည်စာကို ရယူခွင့်ပြုထားလျှင်။
- Summer EBT အတွက် သင်သတ်မှတ်ချက်ပြည့်မီကြောင်းပြသသည့် အခြားသောအိမ်ထောင်စုဝင်ငွေဖောင်တစ်ခုကို သင့်ကလေး၏ကျောင်းအားပေးထားလျှင်။
- သင့်ကလေးသည် ကျောင်းတက်ရန်အရွယ်ရောက်နေပြီး သင့်အိမ်ထောင်စုသည် Food Distribution Program on Indian Reservations (အင်ဒီယန်းအရံရှိ အစားအစာဖြန့်ချိရေး အစီအစဉ်) ဖြစ်သော FoodShare, W-2 သို့မဟုတ် ဝင်ငွေအခြေပြု Medicaid အစီအစဉ်တွင် တစ်စိတ်တစ်ပိုင်းဖြစ်လျှင် သို့မဟုတ် ၎င်းတို့သည် ရွှေ့ပြောင်းသူတစ်ဦး၊ ကလေးထိန်းဖြင့်ထိန်းလျှင် သို့မဟုတ် အိမ်ခြေယာမဲ့ဖြစ်နေကြောင်း ကျွန်ုပ်တို့သိရှိလျှင်။

ဇွန်လကုန်ပိုင်းတွင် သင့်စာတိုက်ပုံးကိုစောင့်ကြည့်ပါ။ သင့်မိသားစုက သတ်မှတ်ချက်ပြည့်မီလျှင် သင့်ကလေး၏ အကျိုးခံစားခွင့်များအကြောင်း စာတစ်စောင်ကို သင်ရရှိပါလိမ့်မည်။

Summer EBT ကို ရယူခြင်းသည် သင့်ကလေး သို့မဟုတ် မိသားစု၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေအပေါ် သက်ရောက်မှု **မရှိ** ပါ။

WISCONSIN DEPARTMENT of HEALTH SERVICES

*Summer EBT အစီအစဉ်ကို ကျောင်းများသို့ မိတ်ဆက်ကြော်ငြာပေးရာတွင် လမ်းညွှန်ပေးသည့်အတွက် Wisconsin Department of Public Instruction's School Nutrition Team (ပြည်သူ့လမ်းညွှန်ဌာန၏ ကျောင်းအာဟာရအဖွဲ့) ကို ကျေးဇူးတင်ရှိပါသည်။*

Summer EBT Food Benefit Program

P-03603BU (04/2024)

## ကျွန်ုပ်၏ကလေးက အကျိုးခံစားခွင့်များအတွက် သတ်မှတ်ချက်ပြည့်မီနိုင်သော်လည်း ကျွန်ုပ်၏မိသားစုသည် ဤလက်ကမ်းစာစောင်တွင် ဖော်ပြထားသည့် အစီအစဉ်တစ်ခုတွင်မျှမပါဝင်လျှင် မည်သို့ဖြစ်မည်နည်း။

- သင့်ကလေး၏ကျောင်းသည် National School Lunch Program (နိုင်ငံတော် ကျောင်းနေ့လည်စာ အစီအစဉ်) တွင် ပါဝင်ပါက သင့်အနေဖြင့် ၎င်းတို့ကျောင်းမှတစ်ဆင့် Free or Reduced Price Lunch (အခမဲ့ သို့မဟုတ် လျှော့စျေး နေ့လည်စာ FRPL) ကို လျှောက်ထားနိုင်သည်။ သင့်ကလေး၏လျှောက်လွှာကို အတည်ပြုလိုက်လျှင် သင်သည် Summer EBT ကိုရရှိမည်။
- ဤလက်ကမ်းစာစောင်၏ အရှေ့ဖက်တွင်ဖော်ပြထားသည့် ပြည်နယ်အကျိုးခံစားခွင့် အစီအစဉ်များမှတစ်ခုကိုလျှောက်ထားပြီးနောက် ဩဂုတ်လ 29 ရက်မတိုင်မီခွင့်ပြုချက်ရပါက သင့်ကလေးအတွက် Summer EBT ကို သင်ရယူနိုင်မည်။ အခြားသော ပြည်နယ်အကျိုးခံစားခွင့်အစီအစဉ်များအကြောင်း ပိုမိုလေ့လာရန်အတွက် 211 သို့ ဖုန်းခေါ်နိုင်သည် သို့မဟုတ် access.wi.gov သို့ ဝင်ကြည့်နိုင်သည်။

ကျွန်ုပ်တို့သည် သတ်မှတ်ချက်ပြည့်မီသော မိသားစုများ၏ အချက်အလက်များကို ရရှိသည်နှင့်တစ်ပြိုင်နက် နွေရာသီတစ်လျှောက်တွင် အကျိုးခံစားခွင့်များကို ဆက်လက်ပေးအပ်နေပါမည်။ သင်သည် လတ်တလောတွင် ရွှေ့ပြောင်းထားပါက သင့်လိပ်စာကို SummerEBT.wi.gov/s/SummerBenefitInfo တွင်အပ်ဒိတ်လုပ်ပါ။

## ကျွန်ုပ်၏မိသားစုက အကျိုးခံစားခွင့်များကို မည်သို့ရရှိမည်နည်း။

သင့်ကလေးသည် Summer EBT အတွက် သတ်မှတ်ချက်ပြည့်မီနေပြီး ကမ္ဘာ့ကပ်ရောဂါမှတစ်ဆင့် QUEST ကတ် သို့မဟုတ် P-EBT ကတ်တစ်ခုကို ရရှိထားလျှင် သင့်အကျိုးခံစားခွင့်များကို ၎င်းကတ်အတွင်းထည့်ပေးပါမည်။ မရှိပါက သင့်ကို QUEST ကတ်တစ်ကတ် စာတိုက်မှပို့ပေးပါမည်။

## ကျွန်ုပ်၏မိသားစုက Summer EBT ကို ဇွန်လတွင် ရရှိသင့်သော်လည်း မရရှိခဲ့ပါက မည်သို့ပြုလုပ်ရမည်နည်း။

သင်သည် အကျိုးခံစားခွင့်များကို ဇွန်လတွင် မရရှိပါက သင်ကလေးသည် Summer EBT အတွက် သတ်မှတ်ချက်ပြည့်မီခြင်း ရှိ၊ မရှိ လုံလောက်သောအချက်အလက်များ ကျွန်ုပ်တို့ထံတွင် မရှိနိုင်ပါ။ ၎င်းအချက်အလက်များကို ကျွန်ုပ်တို့ရယူရန်အတွက် သင့်အနေဖြင့် Summer EBT လျှောက်လွှာကို ပြီးအောင်ဖြည့်သင့်သည်။ Summer EBT အပလီကေးရှင်းကို SummerEBT.wi.gov/s/SummerEBTApp တွင်ရရှိနိုင်သည်။

## ကျွန်ုပ်တို့မိသားစုသည် Summer EBT ကိုရရှိထားလျှင် အခြားသော နွေရာသီအစားအစာဆိုင်ရာ အကျိုးခံစားခွင့်များကို ဆက်လက်အသုံးပြုနိုင်ပါသလား။

အသုံးပြုနိုင်သည်။ သင့်ကလေးသည် Summer EBT ကို ရရှိလျှင် Summer Food Service Program (နွေရာသီ အစားအစာ ဝန်ဆောင်မှု အစီအစဉ်) သို့မဟုတ် Seamless Summer Option (နွေရာသီ ချောမွေ့စေရေး ရွေးချယ်မှု) ကဲ့သို့ အခြားအစီအစဉ်များတွင် ဆက်လက်ပါဝင်နိုင်သည်။

## ပိုမိုလေ့လာရန်

Summer EBT အကြောင်း အသေးစိတ်အချက်များရယူရန်အတွက် QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် dhs.wi.gov/forwardhealth/summerebt.htm သို့သွားပါ။